အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့်တစ်စုံတစ်ရာကိုရှိရ်က် ယှဉ်တွဲကိုးကွယ်မှုမပြုဘဲ

အလ္လာဟ်အရှင်မြတ်နှင့်တွေ့ဆုံခဲ့လျှင်

ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်။ အကြင်သူသည်

အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာအား ရှိရ်က်

ယှဉ်တွဲကိုးကွယ်မှုပြု၍

အရှင်မြတ်နှင့်တွေ့ဆုံခဲ့လျှင် ဂျဟန္နမ်ငရဲဘုံသို့ဝင်ရောက်ရမည်။

ဂျာဗိရ်ဗင်န်အဗ်ဒုလ္လာဟ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်ကို ကြားသိခဲ့သည်။ အကြင်သူသည်
အလ္လာဟ်အရှင်မြတ်နှင့်တစ်စုံတစ်ရာကို ရှိရ်က် ယှဉ်တွဲကိုးကွယ်မှုမပြုဘဲ
အလ္လာဟ်အရှင်မြတ်နှင့်တွေ့ဆုံခဲ့လျှင် ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်။
အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာအား ရှိရ်က်
ယှဉ်တွဲကိုးကွယ်မှုပြု၍ အရှင်မြတ်နှင့်တွေ့ဆုံခဲ့လျှင် ဂျဟန္နမ်ငရဲဘုံသို့
ဝင်ရောက်ရမည်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။အကြင်သူသည်အလ္လာဟ်အရှင်မြတ်နှင့်တစ်စုံတစ်ရာကို ရှိရ်က် ယှဉ်တွဲကိုးကွယ်ခြင်းမပြုဘဲသေဆုံးခဲ့ပါက အကယ်၍ ထိုသူသည် သူ၏အချို့‌သော အပြစ်အကုသိုလ်ကြောင့်ပြစ်ဒဏ်‌ပေးခြင်းခံရလျှင်လည်း သူပြန်လှည့်ရမည့် နေရာဌာနမှာဂျန္နသ်သုခဘုံပင်ဖြစ်မည်။ အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့်တစ်စုံတစ်ရာကို ရှိရ်က်ယှဉ်တွဲကိုးကွယ်ပြီး (မွရှ်ရိက်)အဖြစ်နှင့် သေဆုံးခဲ့ပါက ထိုသူသည်ဂျဟန္နမ်ငရဲ၌အမြဲနေရမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/3418